စုန်းကျင်းကျေးရွာ

ကျေးရွာမှံ့ဖြိုးရေးစီမံကိန်း

ယင်းမာပင်မြို့နယ်



ကျေးရွာမှံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာမှံ့ဖြိုးရေးကော်မတီ


စုန်းကျင်းကျေးရွာ ၊ ယင်းမာပင်မြို့နယ်

(ခို်က်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသမှံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇွန် လ

စုန်းကျင်းကျေးရွာ ၊ အခြေပြမြေပုံ



<u>စကားချီး</u>

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ( ) ဘဏ္ဍာရေးနှစ်မှ ( )ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကျွန်ုပ်တို့ စုနှံးကျင်းကျေးရွာ၏ ကျေးရွာ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ဤစီမံကိန်း ဖြစ်မြောက်ရေးအတွက် အသိပညာ ၊ အတတ်ပညာ ၊ နည်းပညာများ ပံ့ပိုးကူညီဆွန်ပြပေး ပါသော စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအားကျေးဇူး အထူးတင်ရှိပါသည်။

လိုအပ်သောသတင်းအချက်အလက်များ ၊ အကြံဉာဏ်များ ၊ လမ်းညွှန်မှုများကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် ယင်းမာပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှေးယခင်ကဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင် ဆွေးနွေးအဖြေရှာရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်များ၏ အရေးပါမှုကို သိရှိလာရပါသည်။ လိုအပ်သောကိန်းဂဏာန်း သတင်းအချက်အလက်တို့ကို ကျေးရွာအုပ်ချုပ် ရေးမှူးရုံး မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူစုစည်းပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ပူးပေါင်းညှိနှိုင်း ချိတ်ဆက်လုပ်ဆောင်ကြရန် အမှန်တကယ်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသဘောပေါက် နားလည်သိရှိလာကြရပါသည်။

ယခုရေးဆွဲထားသော အစီစဉ်သည် လက်ရှိကာလကိန်းဂဏာန်း သတင်းအချက်အလက်များကို အခြေခံထားသော်လည်းနောင်ကာလထပ်မံရရှိမည့်ကိန်းဂဏာန်းသတင်းအချက်အလက်များထပ်မံဖြည့်စွက် သောအခါ ပိုမိုတိုးတက်ကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းလုပ်ငန်းစဉ် များသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်းဆောင်ရွက်မှုထက်ဝက်ခန့် အရောက် တွင်လုပ်ငန်းပြီးစီးမှုပေါ် ပေါက်လာမည့်အခက်အခဲများဦးစားပေးရွေးချယ်မှုများလုပ်ငန်းအစီအစဉ်များကို အခြေအနေအချိန်အခါပေါ် မူတည်၍သုံးသပ်ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်ကြရန် လည်း လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြထားသောဦးစားပေးလုပ်ငန်းများအကောင်အထ ည်ဖော်လုပ်ဆောင်နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူးယင်းမာပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတ က်ရေး ဦးစီးဌာနယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယင်းမာပင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏အကြံပြုချက်များအထောက်အပံ့များအကူအညီများရရှိနိုင်မည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမဆောင်ရွက်မီနှင့်ဆောင်ရွက်ဆဲအခြေအနေတို့က

လည်းဆန်းစစ်သုံးသပ်အကဲဖြတ် လမ်းညွှန်ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင် ကြမည်ဟုလည်း ခိုင်မာစွာ ယုံကြည်မိပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် အကောင်အထည်ဖော်မည့်ဗျူဟာဦးစားပေးအစီအစဉ်ဘက်ချက်နှင့်ငွေကြေးဆိုင်ရာ ရရှိမည့် လမ်းကြောင်း လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် အပိုင်း (ခ) တွင် စီမံချက်ဆိုင်ရာအချက်အလက် အကြောင်းအရာများ အဆိုပြုစီမံချက်၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

<u>အပိုင်း (က)</u>

<u>ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်</u>

နိဒါန်း။ ။ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက် နှင့် လွှမ်းခြုံသက်ရောက်မှုရည်ရွယ်ချက် နှင့် အကြောင်းအကျိုးဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပြမည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဆုံးသောဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေး ဆွဲရာတွင် ကျေးရွားလူထုကိုယ်တိုင် တက်ကြွစွာပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းအတွေ့အကြုံလုံးဝမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာကိန်း

ဏာန်း သတင်းအချက်အလက်များ၏ အရေးပါပုံကို အလေးထားမိလာကြပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အစိုးရဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏာန်း အချက်အလက်များ ရယူစုဆောင်းရန်နှင့် ကျွန်ုပ်တို့၏ အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွား နှင့် ဖွံ့ဖြိုးရေးအခြေအနေ ကြုံတွေ့နေရသော ပြဿနာများ ပြဿနာဖြစ်စေသည့် အရင်းအမြစ်များ ဖွံ့ဖြိုးရေးကိုပံ့ပိုးပေးနေသော အချက်အလက်များ နှင့် အဟန့်အတားဖြစ်စေသောအချက်များစီမံကိန်းကာလ(၅)နှစ်အတွင်း ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များထိုရည်မှန်းချက်များရရှိရန် ဆောင်ရွက်ရမည့်နည်းဗျူဟာများ လိုအပ်ချက်ကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လိုအပ်ချက်များ နှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ပုဂ္ဂလိကကဏ္ဍ ဘဏ်များ ၊ စာပေပညာရှင်များ သတင်းနှင့်

ပြည့်သူဆက်ဆံရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှု အသိအမှတ်ပြုမှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိပံ့ပိုးနိုင်ရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏အားထုတ်မှုအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုလည်း ဆောင်ရွက်ပေးနိုင်ရန် ဤစီမံချက်ကို မြို့နယ်အဆင့် ခရိုင်အဆင့် ပြည်နယ်တိုင်းအဆင့် ပြည်ထောင်စုအဆင့် စသည့်အစိုးအရအဖွဲ့အစည်းဆင့်ဆင့်အား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍများအတွက် အသုံးဝင်မှုအခြေအနေ ကျေးရွာလူထု၏လိုလားချက် နှင် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ပေါက်မြောက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်အဖွဲ့အစည်းများ (CsOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်နှင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းရှင်များနှင့် ငွေကြေးဆိုင်ရာအချက်အလက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်ပါသည်။

နည်းပညာ အထောက်အပံ့ပေးမည့်အဖွဲ့အစည်းနှင့် တက္ကသိုလ် ၊ ကောလိပ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောအချက်အလက်များ သိရှိလာရခြင်းကြောင့် ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မီဒီယာများ သတင်းနှင့် ပြန်ကြားဆက်သွယ်ရေး ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရမည့် တိကျသောသတင်းများ ရနိုင်ပါသည်။

(ခ)

<u>စီမံကိန်း၏လွှမ်းမိုးသက်ရောက်မှု</u>

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထုထည့်ဝင်နိုင်သည့်ငွေကြေးအစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစား ပေးစီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျယ်ပြန့်ခိုင်မာသည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်သော လုပ်နည်းကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရပြီး အမြင်ရှင်းစေသော ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် လူထုပါဝင်စုစည်း စည်းလုံးခြင်းကြောင့်ပို၍ တိတိကျကျမြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ခြင်းများ ရရှိလာပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ ငွေကြေးအခက်အခဲ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးကို အကောင်အထည်

ဖော် ရာတွင် ကျေးရွာ၏ အလိုအပ်ဆုံးနှင့် အထိရောက်ဆုံး ဖြည့်စည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးဆောင်ရွက်သွားပါမည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်နှင့် လိုအပ်သောအရင်းအနှီး ပြည့်စုံလုံလောက်မှုပေါ် မူတည်၍ တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအနှစ်များ

(က) တည်နေရာ ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင်အနေအထား

စုန်းကျင်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ၊ ယင်းမာပင်ခရိုင် ၊ ယင်းမာပင်မြို့နယ် စုန်းကျင်းအုပ်စုတွင် ပါဝင်ဖွဲ့စည်းထားပါသည်။ ယင်းမာပင်မြို့၏ အရှေ့မြောက် ၊ အရှေ့မိုင် (၂၀)ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ချင်းတွင်းမြစ် စီးဆင်းနေပြီး ချင်းတွင်းတံတား(မုံရွာ)၏ တောင်ဘက် (အောက်ဘက်)တွင် တည်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် ကန်ချောင်အုပ်စု လက်ခုပ်ပင်ရွာ အောင်မိုးရွာတို့ နှင့် ရွာနမိတ်ချင်း ထိစပ်နေပြီး ရွာ၏အနောက်ဘက်တွင် စုန်းကျင်းအုပ်စုတွင်း ကျေးရွာများ ဖြစ်သည့် မြပင်စည်ရွာ ၊ မြရွှေစည်ရွာ ၊ ဘိန်းနွယ်ချောင်ရွာတို့နှင့် ရွာနမိတ်များထိစပ်နေပါသည်။ ရွာ၏ တောင်ဘက်တွင် မြောက်ယမားချောင်းသည် ချင်းတွင်းမြစ်အတွင်းစီးဝင်နေပါသည်။ မိုးနည်းဒေသ မြန်မာ နိုင်ငံအလယ်ပိုင်းတွင် ပါဝင်သောကြောင့် မိုးရေချိန် (၃၀)လက်မ မှ (၄၀) လက်မအတွင်းခန့်သာရရှိပါသည်။ ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသောကြောင့် ရံဖန်ရံခါ မြစ်ရေကြီးခြင်းဘေး ကြုံတွေ့ရပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေပြန့်ဒေသဖြစ်ပြီး ချင်းတွင်းမြစ်မှ နှုံးမြေများတင်ရှိပြီး မြစ်ရေဝင်အရပ်များသည် မြေဩဇာ ထက်သန်ပါသည်။ ဂျုံ ၊ ပဲမျိုးစုံ ၊ မြေပဲ ၊ နေကြာ ၊ နှမ်း ၊ ကြက်သွန် စသည့်သီးနှံများ စိုက်ပျိုး ဖြစ်ထွန်းပါသည်။ စိုက်ပျိုးရေးအဖြစ် မြေအောက်ရေကို စုပ်ယူသုံးစွဲကြပါသည်။ မြစ်ရေမဝင်ရောက်သော အရပ်တွင် ဆီးပင် ၊ ရှားပင် ၊ ထန်းပင်များ ပေါက်ပါသည်။ ငါးသယံဇာတများကို မြစ်အတွင်းမှ ဖမ်းယူကြပါသည်။ ချင်းတွင်းမြစ်အတွင်းမှ သဲ ၊ ကျောက်စာရစ် တို့ကိုလည်း သယံဇာတအရင်းအမြစ်များအဖြစ် ထုတ်ယူနေကြပါသည်။ မြစ်ရေကြီးချိန်တွင် အထက်မှမျှောပါလာသော သစ်ပင်သစ်ကိုင်းများကို ထင်းမီးလောင်စာအဖြစ်ဆယ်ယူကြပါသည်။ ချင်းတွင်းမြစ်ရေ မြောက်ယမားရေတို့သည့်လည်း ရေသယံဇာတ အရင်းအမြစ်များဖြစ်ပါသည်။ စိုက်ပျိုးမြေ( )ဧကရှိပါသည်။ ထိုမြေယာများတွင် ဆောင်းသီနှံအဖြစ် ဂျုံ ပဲမျိုးစုံ ၊ ကြက်သွန် ၊ မြေပဲစသည့်တို့ စိုက်ပျိုးပြီး နွေသီးနှံအဖြစ် ပဲတီစိမ်း ၊ နှမ်း ၊ နေကြာ တို့စိုက်ကြပါသည်။ ခရမ်းကို ဆောင်းသီးနှံတွင် သီးညှပ်အဖြစ် စိုက်ကြပါသည်။

(၃) ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ) ရှိပြီး ကျား ( ) ၊ မ ( ) ပေါင်း ( ) ဦးရှိပါသည်။ အိမ်တစ်အိမ်တွင်း ပျှမ်းမျ (၄.၄၃) ဦးနေထိုင်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သောလူ (၁၅) နှစ် မှ(၆၀) နှစ် ကြား(၁၇၈) ဦးမှ (၁၉၁)ဦးရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှု နှင့် မမျှတမှု

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေး နှင့် ငါးဖမ်းလုပ်ငန်းဖြစ်သည်။ ပျံကျအလုပ်သမားများသည် စိုက်ပျိုးရေးလုပ်ငန်းများ အုတ်စက်လုပ်ငန်းများ ပန်းရံ လက်သမားလုပ်ငန်းများကို မိမိကျေးရွာတွင်သာမက အခြားမြို့ရွာများသို့လည်း သွားရောက်လုပ်ကိုင်နိုင်သဖြင့် သင့်တင့်သော လုပ်ခရရှိကြပါသည်။

ဆင်းရဲချမ်းသာအဆင့် ခန့်မှန်းရာတွင် အိမ်ထောင်စုအားလုံး၏ (၄၈) ရာခိုင်နှုန်းသည် ဆင်းရဲ (၅၄) ရာခိုင်နှုန်းသည် အလွန်ဆင်းရဲ ချမ်းသာအဆင့်သည် (၁၄) ရာခိုင်နှုန်း နှင့် အလယ်အလတ်အဆင့်သည့် (၅၃) ဟု ခန့်မှန်းသတ်မှတ်နိုင်ပါသည်။ ကျေးရွာလယ်ယာမြေပိုင်ဆိုင်မှု မြို့ပြ နှင့် လက်လှမ်းမီမှု ခေတ်နှင့်အညီ တိုးချဲ့စိုက်ပျိုးမွေးမြူနိုင်မှုတို့ကြောင့် ကျေးရွာ၏စီးပွားရေးအနေအထားမှာ ဖွံ့ဖြိုးဆဲဟု ယူဆနိုင်ပါသည်။ စားဝတ်နေရေး အဆင်ပြေသည်ဟု ခန့်မှန်းရပါသည်။

(ဂ) ဆင်းရဲနွမ်းပါမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုဦးရေ (၁၀၇) စုရှိပြီး ၎င်းတို့၏အဓိကဝင်ငွေရလုပ်ငန်းမှာ ကျပမ်းပျံကျနေ့စားလုပ်ငန်းနှင့် ခေါင်းရွက်စျေးသည်လုပ်ငန်းသာ လုပ်ကိုင်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် ပျိုးနုတ် ၊ ကောက်စိုက် ၊ ပေါင်းသင် ၊ ပေါင်းကောက် ၊ ကြက်သွန်စိုက် ၊ ပဲသိမ်းပဲရိတ် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ရေများသောမိုးရာသီတွင် ထင်းဆယ်ကြပါသည်။ ဝမ်းစားဖူလုံမှုစစ်တမ်းကို အလွန်ဆင်းရဲသော အိမ်ထောင်စု ( ) စုကို တွေ့ဆုံမေးမြန်းပြီးကောက်ယူပါသည်။ ထိုသို့ကောက်ယူရာတွင် အသေးစားချေးငွေလုပ်ငန်းများမှလည်းကောင်း ၊ ကျေးရွာတွင်းငွေကြေးချမ်းသာသူများထံမှလည်းကောင်း ချေးငှားစားသုံးနေရကြောင်း တွေ့ရှိရပါသည်။

ချင်းတွင်းမြစ်ကမ်းဘေးပေါ်တွင် တည်ရှိသောကြောင့် မြစ်ရေကြီးချိန်တွင် ကျေးရွာတည်ရှိသောမြေသားများ မြစ်ကမ်းပြိုတိုက်စားခြင်းကို နှစ်စဉ်ကြုံတွေ့နေရသည်မှာ စိုးရိမ်ဖွယ်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာအတွင်းရှိ ကလေးသူငယ်များသည် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ယခင်ကသွေးလွန်တုတ်ကွေးဖြစ်ပွားဖူးခဲ့သော်လည်း ယခုအထိဖြစ်ပွားခြင်းမရှိသေးပါ။ ယခင်ကမြစ်ရေကိုသာ သောက်သုံးခဲ့ကြသော်လည်း ယခုအခါ အိမ်တိုင်းလိုလို မြစ်အောက်ရေကိုစုပ်ယူ သုံးစွဲနေကြပါသည်။ ရေသန့် ၊ အိမ်သာသန့် ၊ အစားသောက်သန့် ၊ လက်သန့် ၊ တစ်ကိုယ်ရေသန့်ရှင်းမှုများကိုလည်း သိရှိလိုက်နာလာ

ကြောင်းလေ့လာသိရှိရပါသည်။ မျိုးဆက်ပွားကျန်းမာရေးအသိရှိလာသောကြောင့်လည်းကောင်း ၊ ကျန်းမာရေးလက်လှမ်းမှီလာသောကြောင့်လည်းကောင်း မွေးကင်းစကလေး သေဆုံးမှုမရှိသလောက် တွေ့ရှိရပါသည်။ အခြေခံစားကုန်များဖြစ်သည့် ဆန် ၊ ဆီ ၊ ဆားနှင့် ဟင်းသီးဟင်းရွက် သားငါးတို့ကို အလွယ်တကူ ဝယ်ယူစားသောက်နိုင်သဖြင့် အာဟာရချို့တဲ့မှုမရှိပါ။

(ဇ) ပညာရေး နှင့် ကျွမ်းကျင်မှု

ကျေးရွာ၏ပညာရေးသည် အသင့်အတင့်အနေထားတွင်ရှိပါသည်။ အရေးအဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေမှာ ကျား (၂၅) ၊ မ (၂၄) တို့ရှိပါသည်။ လက်ရှိတက္ကသိုလ် တက်ရောက်ဆဲဦးရေမှာ ကျား (၇) ၊ မ(၉) ရှိပါသည်။ ကျေးရွာ၏အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း (၁၃၃) ဦးတက်ရောက်ပညာသင်ယူနေပါသည်။ အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမှီသော်လည်း လူငယ်လူရွယ်များသည် အလုပ်ခွင်အတွင်း အလုပ်လုပ် ရင်း ပညာသင်ယူနိုင်ကြသဖြင့် ပန်းရံ ၊ လက်သမား အလုပ်များ အထိုက်အလျောက် ကျွမ်းကျင်လာကြ ပါသည်။

(စ) ကျား / မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမတန်းတူအခွင့်အရေးရရှိခံစားနိုင်ပြီး အုပ်ချုပ်ရေးလုပ်ငန်းများကို အမျိုးသားများ က ဦးဆောင်ပြီး အခြားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ကြပါသည်။ အများအားဖြင့် အမျိုးသမီးများသည် အိမ်ထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် ချက်ပြုတ် ၊ လျှော်ဖွတ် ၊ ကလေးစောင့်ရှောက်ထိန်းသိမ်းခြင်း လုပ်ငန်းများ လုပ်ကိုင်ကြရပါသည်။ အမျိုးသားများသည် စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ငါးဖမ်းခြင်းအလုပ်များ လုပ်ကိုင်ကြပြီး ထင်းဆယ် ၊ ထင်းဖြတ်အလုပ်များလည်း လုပ်ကြရပါသည်။ ကျေးရွာဘုန်းတော်ကြီး ဦးဆောင်၍ ဓမ္မစကူး(လ)သင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ကျား ၊ မ ခွဲခြားမှုမရှိဘဲ အခွင့်အရေးတန်းတူ ရရှိသည်ဟုမှတ်ယူနိုင်သည်။

(ဌ) စီးပွားရေး နှင့် အသက်မွေးမှု

ကျေးရွာ၏ လူမှုစီးပွားလက်ရှိအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် များစွာအထောက် အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးမှုဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော အဖွဲ့များရှိပါသည်။ လူမှုကူညီရေးအသင်း ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့ ၊ မိဘဆရာအသင်း ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် အရန်မီးသတ်

တပ်ဖွဲ့တို့ရှိကြပါသည်။ အဆိုပါအဖွဲ့များသည် လုပ်ငန်းအထည်များဖော်ဆောင်ရာတွင် ချိတ်ဆက်ပူးပေါင်းမှု အားနည်းကြောင်းတွေ့ရှိရပါသည်။ အဖွဲ့အစည်းတစ်ခု၏ရည်ရွယ်ချက်များ ၊ ဖွဲ့စည်းပုံများ ၊ လုပ်ငန်းများ ဖော်ဆောင်ခြင်းစသည့် သဘောတရားအသိအမြင် မဖွံ့ဖြိုးသေသဖြင့် စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်း များ ပညာပေးဟောပြောပွဲများ ကျင်းပပေးနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများ ကောင်းမွန်လာနိုင် ပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်မှု

ကျေးရွာရှိ လယ်ယာမြေများတွင် ပဲမျိုးစုံ ၊ မြေပဲ ၊ ကြက်သွန် ၊ စပါး စသည့် အမည်စုံသီးနှံများ စိုက်သော်လည်း ဒေသတွင်းစားသုံးမှု မဖူလုံပါ။ သားငါးထုတ်လုပ်မှုတွင် ရေချိုငါးဖမ်းလုပ်ငန်း ၊ တနိုင်တပိုင် ဝက်မွေးမြူခြင်း ၊ ကြက်မွေးမြူခြင်းလုပ်ငန်းများရှိပါသည်။ နိုင်ငံတော်မှချမှတ်ပေးသော လေလံအင်းမှာ လည်း ငါးထုတ်လုပ်မှုရရှိပါသည်။ မြို့ပြစျေးကွက်နှင့် လက်လှမ်းမှီခြင်း ၊ သဘာဝအနေအထား ရေမြေ ရာသီဥတု တို့ကောင်းမွန်ခြင်းတို့ကြောင့် သီးနှံနှင့် သားငါးထုတ်လုပ်မှုများ တိုးတက်ဖွံ့ဖြိုး ထုတ်လုပ်ရန် ကြံဆောင်နေကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

လယ်ယာစိုက်ပျိုးရေးမွေးမြူရေးမလုပ်ကြသော အိမ်ထောင်မိသားစုများသည် အုတ်စက်လုပ်ငန်း ဆေးလိပ်လုပ်ငန်း ပန်းရံလက်သမားလုပ်ငန်း ၊ ထင်းဆယ် ထင်ဖြတ်လုပ်ငန်း ၊ ငါးဖမ်းလုပ်ငန်း ၊ ခေါင်းရွက် စျေးသည်လုပ်ငန်း စသည်တို့ လုပ်ကိုင်ကြရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အင်္ဂါးလိုက်အလုပ်များ လည်းလုပ်ကြပါသည်။ အမျိုးသားများသည် ကျောက်စာရစ် နှင့် သဲထုတ်လုပ်ငန်းများ နေ့စား ကျင်းစား လုပ်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း ၊ မြို့ပြ နှင့် လက်လှမ်းမှီခြင်းတို့ကြောင့် အလုပ် အကိုင်အခွင့်အလမ်းပေါများပါသည်။

(ဃ) ပတ်ဝန်းကျင်သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲရေး

၂၀၁၅ ခုမြစ်ရေကြီးမှုကြောင့် စိုက်ပျိုးမြေများတွင် ကျစ်ဆန်သောမြေစေးများတင်ကျန်ပြီး သီးနှံဖြစ် ထွန်းမှုမရှိကြောင်း တွေ့ရှိပါသည်။ ထိုတင်ကျန်သော မြေစေးများကို အုတ်စက်လုပ်ငန်းရှင်များက အပေါ်ယံ ကုတ်ယူ ခူးယူမှသာ မူလမြေအတိုင်း စိုက်ပျိုးဖြစ်ထွန်းပါသည်။ ၂၀၀၀ ခုနှစ်ခန့်က မြစ်ရေတိုက်စား ကမ်းပါပြိုမှုကို ကာကွယ်ရန် ဘုရားတည်ရှိရာ မြစ်ကမ်းအထက်ဖက်မှ ပေ (၅၀) ခန့် ရှည်ပြီး အမြင့် (၅)ပေ ခန့်ရှိသော ရေကာတာတစ်ခုကို ကိုယ်ထူကိုယ်ထတည်ဆောက်နိုင်ကြပါသည်။

(င) ပညာရေး ၊ ကျန်းမာရေး ၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး

စုနှင်းကျင်းကျေးရွာ အလယ်တန်းကျောင်းတွင် မူလတန်းကျောင်းသား (၁၄၈) ဦး အလယ်တန်း ကျောင်းသား (၁၀၆) ဦး တက်ရောက်ပညာသင်ယူနေပါသည်။ အထက်တန်းပညာကို ထန်းတောကြီး ၊

စုန်းချောင်း ၊ အလုံ အ.ထ.က များသို့ အဆင်ပြေသလိုတက်ရောက်သင်ယူကြရပါသည်။ အထက်တန်းကျောင်းသား( ) ဦးရှိပြီး အဆင့်မြင့်ပညာတက်ရောက်သင်ယူသူ ( )ဦးရှိပါသည်။ ကျေးရွာ အ.လ.က ၏ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့သည် ကျောင်းသုံးပရိဘောဂများ ဖြည့်တင်းပေးခြင်း ကလေးကစားကွင်း တည်ဆောက်ပေးခြင်း ၊ စာသင်ကျောင်း ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးခြင်းတို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သော ရေသန့်စက်ကိုလည်း တပ်ဆင်လှူဒါန်းပေးပါသည်။ ယင်လုံအိမ်သာများကိုလည်း တည်ဆောက်ပေးကြပါသည်။ ယခုအခါ ကွန်ကရစ်တိုင် သံဇကာ သံဆူးကြိုးကာခြင်းမှ အုတ်တံတိုင်းကာနိုင်ရန် တက်တက်ကြွကြွလုပ်ဆောင်နေကြပါသည်။

စုန်းကျင်းကျေးရွာတွင် ထိုက်သင့်သော ကျန်းမာရေးအသိများ ရှိလာကြပါသည်။ ကျန်းမာရေးအတွက် အလုံ ၊ မုံရွာမြို့များရှိ ဆေးရုံ ဆေးခန်းများသို့ ကျေးရွာလူမှုကူညီရေးမော်တော်ယာဉ်ဖြင့် အဆင်ပြေစွာ သွားရောက်ကုသမှုခံယူနိုင်ကြပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျေးရွာအမှိုက်စွန့်ပစ်မှုစနစ်အား ပညာပေးပြုပြင်ပေးရန်လိုအပ်နေပါသည်။

<u>(စ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု(လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်း နှင့် ဆက်သွယ်ရေး)</u>

စုန်းကျင်းရွာသည် ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ရှိသောကြောင့် ရေလမ်းခရီးပိုင်ဆိုင်ပါသည် ။ ရွာ၏တောင်ဘက် ပုသိမ်-မုံရွာလမ်းပေါ်သို့ ၂၀၁၁-၂၀၁၂ တွင် တင်ဝင်းထွန်းကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် (၂)မိုင်ခန့်ရှည်လျားသော မြေသားလမ်းဖောက်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ တွင် ထိုလမ်းအား နိုင်ငံတော်မှ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ ထိုလမ်းဖောက်လုပ်နိုင်ခဲ့သဖြင့် ကျေးရွာ၏လူမှုစီးပွားဘဝ သိသိသာသာတိုးတက်လာသည်ဟု ဆိုနိုင်ပါသည်။ ၂၀၁၂ခုနှစ်တွင် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ၏ ကြိုးပမ်းမှုကြောင့် မီးတိုင်မီးကြိုးများ သွယ်တန်းနိုင်ခဲ့ပြီး ၂၀ ခုနှစ် တွင် ကျေးရွာလျှပ်စစ်မီးလင်းရေး စတင်မီးလင်းနိုင်ခဲ့ပါသည်။ ဆက်သွယ်ရေးအနေဖြင့် ကျေးရွာအတွင်း တာဝါတိုင်တည်ဆောက်တပ်ဆင်ထားသဖြင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

<u>(ဆ) ရက်ကွက်အေးချမ်းသာယာရေး နှင့် လုံခြုံရေး</u>

ကျွန်ုပ်တို့ကျေးရွာတွင် ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ ၊ အိမ်ထောင်စုများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှုကို ခံယူပြီး အမိန့်နှင့် ဥပဒေကို လေးစားလိုက်နာကြသဖြင့် အေးချမ်းသာယာ ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို အားတက်သရော လုပ်ဆောင်နိုင်ကြပါသည်။

<u>(ဈ) ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ ၊ အဟန့်အတားစိန်ခေါ်မှုများ</u>

<u>(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ</u>

ကျေးရွာသည် ရေလမ်း ကုန်းလမ်း ဆက်သွယ်မှုကောင်းခြင်း ၊ မြေဆီမြေဩဇာထက်သန်သော လယ်ယာမြေများရှိခြင်း ၊ လျှပ်စစ်မီးရရှိခြင်း ၊ အလယ်တန်းအဆင့်သင့်စာသင်ကျောင်းရှိခြင်း ၊ လုပ်သားပေါများခြင်းတို့ကြောင့် ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အခြေနေကောင်းပါသည်။

(ခ)အဟန့်အတားနှင့် စိန်ခေါ်မှုများ

စိုက်ပျိုးရေးတွင် ရိုးရာလက်မှုလယ်ယာ နွားဖြင့် ထွန်ယက်စိုက်ပျိုးမှုမှ စက်ဖြင့် စိုက်ပျိုးထွန်ယက်ရန် စက်ယန္တယားဝယ်ယူမှု အားနည်းနေပါသည်။စိုက်ပျိုးနေကျ သီးနှံများ အစား အထွက်ကောင်းမျိုးသန့်များ စိုက်ပျိုးရန် နှင့် ဈေးကွက်ဝင် ဟင်းသီး ဟင်းရွက်များ စိုက်ပျိုးမှု အလေ့အထမရှိပါ။ မြို့ပြ နှင့် လက်လှမ်းမီသဖြင့် မြို့ပြ အလုပ်အကိုင်များသို့ သွားရောက်လုပ်ကိုင် နေကြသည့်အတွက် လယ်ယာလုပ်သားရှားပါးမှုသည်လည်း အဟန့်အတား စိန်ခေါ်မှုပင် ဖြစ်ပါသည်။ ထွန်ယက်ခြင်း ၊ မျိုးရွေးခြယ်ခြင်း ၊ စိုက်ပျိုးခြင်း ၊ သွင်းအားစုထည့်ခြင်း ၊ ပိုးမွှားရောဂါ ကာကွယ်ခြင်း နှင့် ရိတ်သိမ်းခြင်း ၊ သိုလှောင်ခြင်းစသည့် စိုက်ပျိုးရေးဖြစ်စဉ်တို့တွင် အသိပညာ ၊ အတတ်ပညာ ၊ နည်းပညာများ မပြည့်စုံခြင်းသည်လည်း ကျော်လွှားရမည့် စိန်ခေါ်မှုများပင် ဖြစ်ပါသည်။ မွေးမြူရေးအနေဖြင့် တပိုင်တနိုင် မွေးမြူရေးမှသည် စီးပွားဖြစ် မွေးမြူရေးသို့ ကူးပြောင်းရန် အတိုးနှုန်း သက်သာမည့် ချေးငွေ ရရှိရန်လိုအပ်ပါသည်။

(ဖ) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင် နှင့် မဟာဗျူဟာ

စုန်းကျင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်မှာ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက် သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းမဟာပင်မြို့နယ် ကျေးလက်ဒေသ ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ ဦးဆောင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲကြသောအခါ လူပူးပေါင်း ဖော်ထုတ်သော နည်းဖြင့် အဆိုပါ ရည်မှန်းချက် ပန်းတိုင် နှင့် ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေး နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ချမှတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာသူ / သား တို့၏ ဝင်ငွေတိုးတက်ရေး ၊ လူတစ်ဦးချင်းစီ ၏ စွမ်းဆောင်မှု တိုးတက်ရေး ၊ ကျန်းမာရေး ၊ ပညာရေးကို အလေးထားပြီး ကျေးရွာရှိ လူငယ်များအတွက် ကောင်းမွန်လုံခြုံသော အနာဂတ်ကို ထားရှိ အမွေပေးနိုင်ရန် အကောင်းဆုံး ရည်မှန်းထားပါသည်။ သို့ဖြစ်ပါ၍ ဖြစ်တန်စွမ်းရှိသည့် အောက်ပါ ရည်မှန်းချက်များကို ရိုးရှင်းစွာ ချမှတ်ခဲ့ကြပါသည်။

(၁) လုံခြုံနွေးထွေးသော ပညာသင်ယူမှုဖြစ်စေရန် ကျေးရွာ အလယ်တန်း ကျောင်းအား အုတ်တံတိုင်း ကာရံရန်။

(၂) ကျေးရွာအား ချင်းတွင်းမြစ်ရေ တိုက်စား ကမ်းပြိုခြင်းမှ ကင်းဝေးစေခြင်းငှာ မြေထိန်းနံရံ ရေကာတာ တည်ဆောက်ရန်။

(၃) ကျေးရွာအတွင်း သန့်ရှင်းသာယာပြီး သွားလာရေးကောင်းမွန်စေရန်အတွက် ကျေးရွာတွင်း ကျောက်ခင်းလင်း ခင်းရန်။

(၄) ကျန်းမာရေး နှင့် ညီညွတ်သော သောက်ရေအတွက် ရေသန့်စက် တပ်ဆင်ပြီး ကျေးရွာလူထုအား ရေသန့်ဖြန့်ဝေရန်

(၅) စာအုပ်စာပေ လူမိတ်ဆွေ ဟူသော ဆောင်ပုဒ်အတိုင်း စာဖတ်သူတိုင်း စာဖတ်ပြီး စာပေများထဲမှ လူမှုစီးပွားတိုးတက်စေရန် ယဉ်ကျေးလိမ္မာစေရန် ၊ ယခုဘဝ နောင်ဘဝချမ်းသာကို ဖော်ပြနိုင်ရန်အတွက် ကျေးရွာစာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ရန် စသည်ဖြင့် ချမှတ်ခဲ့ကြပါသည်။

(ခ) နည်းဗျူဟာများ

စုန်းကျင်းကျေးရွာ ၊ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းပြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လမ်းညွှန်ကူညီပံ့ပိုးမှုကို ရယူပါမည်။ ငွေကြေး ဝန်ဆောင်မှု ၊ နည်းပညာ ဝန်ဆောင်မှု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး အတိုးနှုန်း သက်သာသော ချေးငွေရရှိစေရန် ဆောင်ရွက်ပါမည်။ ရရှိလာသော ချေးငွေများကို အရင်းအနှီးအဖြစ် ထည့်သွင်းပြီး ခေတ်မှီ နည်းပညာများဖြင့် စိုက်ပျိုးရေး ၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပါမည်။ ခေတ်မှီ စိုက်ပျိုးရေး ၊ မွေးမြူရေးနည်းပညာများ ပြန့်ပွား အသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့်ချိတ်ဆက်၍ သင်တန်းများ ဖွင့်လှစ် ပေးနိုင်ရန် တောင်းဆိုသွားပါမည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် ၊ အသေးစားချေးငွေ လုပ်ငန်းများမှ ချေးငွေများသည် နှစ်တိုချေးငွေများ ဖြစ်ပြီး ပြန်ဆပ်ချိန်တွင် ပြန်ဆပ်နိုင်ရန် လုံးပမ်းရသဖြင့် ငွေကြေးလုံခြုံစိတ်ချမှုမရ ခံစားရပါသည်။ သို့ပါ၍ နှစ်ရှည် ၊ နှစ်လတ် ချေးငွေများ ရရှိနိုင်ရန် မြို့နယ် ၊ ခရိုင် ၊ တိုင်းအဆင့် ငွေကြေးစီမံခန့်ခွဲမှု တာဝန်ရှိသူများအား လှုံ့ဆော်ပေးပါမည်။ အကူညီတောင်းခံပါသည်။

(ဂ) ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု ကိစ္စများနှင့် ဗဟိုအဆင့်မူဝါဒ အကြောင်း ၊ အစီအစဉ် ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒ နှင့် လုပ်ငန်း အစီအစဉ်တို့ကို တက်ကျွမ်းနားလည်ပြီးသော အစိုးရအဖွဲ့ ဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု လမ်းညွှန်မှုဖြင့် ဤအခန်းကို ပြုစုဖော်ပြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်သော အားနည်းချက်များအား ပံ့ပိုးကူညီနိုင်မည့် နိုင်ငံတော် အဆင့် ၊ တိုင်းဒေသကြီး ပြည်နယ် အဆင့် ၊ ခရိုင် နှင့် မြို့နယ် အဆင့် စသည့် အဆင်သင့်သော အာဏာပိုင်အဖွဲ့အစည်းများအား လမ်းညွှန်ပြသ ဖော်ထုတ်နိုင်ခဲ့ပါသည်။

(က) ကျေးရွာ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ရေးဆွဲခြင်း နှင့် ပုံမှန် စစ်ဆေးခြင်း

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာ အထောက်အပံ့ လိုအပ်ပါသည်။ အနာဂတ်ကာလတွင် ရေရှည်တည်တံ့မည့် အထောက်အပံ့ အကူအညီများကို နိုင်ငံတော်မှ ပံ့ပိုးကူညီနိုင်မည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာသူ / သားများ ကိုယ်တိုင် ဆန္ဒပြု ရွေးချယ်ခဲ့သော ရည်မှန်းချက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားသာချက် အားနည်းချက်များအား သုံးသပ်၍ မည်ကဲ့သို့သော ဆောင်ရွက်လျှင် ရေရှည်တည်တံ့ဖွံ့ဖြိုးသော အကျိုးကျေးဇူးရလာဒ်များ ရရှိနိုင်ကြောင်း နည်းလမ်းကောင်းများ နှင့် အထောက်အပံ့ အကူအညီများ ဆက်လက် ပံ့ပိုး ကူညီသွားမည်ဟု ယုံကြည် မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

စုန်းကျင်းကျေးရွာ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်တည်တံ့ ခိုင်မြဲရန် အရင်းအနှီး လိုအပ်ပါသည်။ စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ဆောင် နိုင်ရန် ငွေကြေး အရင်းအနှီးပြည့်စုံမှသာ လိုအပ်သော သွင်းအားစုများ ထည့်သွင်းနိုင်ပြီး အောင်မြင် ဖြစ်ထွန်းသော လုပ်ငန်းများဖြစ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ စုန်းကျင်းကျေးရွာနှင့် လိုက်လျော ညီထွေဖြစ်သော လုပ်ငန်းများ ဖော်ဆောင်နိုင်ရန် နှစ်လတ် ၊နှစ်ရှည် ချေးငွေများ ချေးငှားသင့် ပါသည်။ ထိုချေးငွေများကို ရနိုင်မည့် လုပ်ထုံး လုပ်နည်း လမ်းကြောင်းများကိုလည်း သက်ဆိုင်ရာဌာနများမှ ညွှန်ကြားပြသ ဖော်ဆောင်သင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် စွေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်မှု တစ်ရပ်မှာ စိုက်ပျိုး မွေးမြူရေး ကုန်ထုတ်သူများ၏ စွေးကွက်သဘောတရား သိရှိမှုအားနည်းခြင်း နှင့် ထုတ်ကုန် အရည်အသွေး မြင့်မားစေရန် ခေတ်မှီ နည်းပညာများ လိုအပ်ခြင်း ပင်ဖြစ်ပါသည်။ ထို လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကျွမ်းကျင်ပညာရှင်များဖြစ်သော စိုက်ပျိုးရေးဌာန ၊ မွေးမြူရေးဌာန စသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ချိတ်ဆက်၍ သင်တန်းများ စီစဉ် ဖွင့်လှစ် ပေးရန် လိုအပ်ပါသည်။ ကျေးရွာ၏ လူငယ်များအတွက် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် လူအသားအရင်းအမြစ် မြှင့်တင်ပေးရာ ရောက်ပြီး အပိုဝင်ငွေ ရရှိလာနိုင်ပါသည်။

(ဃ) ဦးစားပေး စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ

စီမံချက်များသည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို အကောင်အထည်ဖော်နိုင်စေမည့် နည်းဗျူဟာများ အဖြစ် အောက်ခြေအထိ ပေါက်မြောက်အောင် လုပ်ကိုင်ဆောင်ရွက်ပါမည်။ စီမံကိန်း (၅)

နှစ်ကာလ ကျော်လွန်ချိန်တွင် ပန်းတိုင်သို့ ပေါက်မြောက်ပြီးဆုံးမှု ဖြစ်စေရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက် လမ်းညွှန်ချက်များအဖြစ် လိုအပ်ပါသည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက် (၅) နှစ်တာ ကာလအတွက် ရေးဆွဲရာတွင် စိစစ်ထားသည့် စီမံချက်များသည် ပြီးပြည့်စုံနိုင်မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ စီမံချက် အကောင်အထည်ဖော်မှု (၂) နှစ်၊ (၃) နှစ် ကျော်လာချိန်တွင် (၅) နှစ်တာ ကာလအတွင်း လိုအပ်သော ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ရမည်ဖြစ်ပါသည်။ ဆိုးဝါးသော သဘာဝ ဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် (၅) နှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းငယ်မျှသာ ပြောင်းလဲမှု ရှိမည် ဖြစ်သော်လည်း ထို (၅) နှစ်တာ စီမံကိန်း ကာလအတွင်း ထပ်မံတိုးချဲ့ စီမံချက်များ ရှိလာနိုင်ပါသည်။

(ခ) ကဏ္ဍကို အခြေခံ၍ စီမံချက် အုပ်စု သတ်မှတ်ခြင်း

ဆောင်ရွက်သည့် စီမံချက်နှင့် စီမံချက် ဘတ်ဂျတ်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥ_မာ – စိုက်ပျိုးရေး ၊ လျှပ်စစ် ၊ (ခ) မည်သည့် ဝန်ကြီးဌာန နှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်သည်။

(ဂ) ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စု သတ်မှတ်ခြင်း

စီမံချက် ဘတ်ဂျတ်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုတ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်သည်။

- သာမန်အသုံးစရိတ် (ဥ_ပမာ – လစာ ၊ နေ့တွက်စရိတ် ၊ လုပ်ငန်းလည်ပတ်စရိတ် ၊ ငှားရမ်း စသည်)
- ငွေလုံး ငွေရင်း အသုံးစရိတ် (ဥ_ပမာ – လစာ , ဆောက်လုပ်ရေး ပစ္စည်း ၊ ပုံသေဝယ်ယူ ရသော ရင်းနှီးမြှုပ်နှံမှုများ)
- စွမ်းဆောင်ရည်မြှင့်တင်စရိတ် (ဥပမာ ဆွေးနွေးပွဲ ၊ သင်တန်း)
- လူသားချင်း စာနာမှု အထောက်အပံ့စရိတ်

(ခ) ဦးစားပေး စီမံချက်များ

စုန်းကျင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ ဆွေးနွေးမှု များမှ ကျေးရွာတွင်း အမှန်တကယ် ဆောင်ရွက်သင့်သည် လုပ်ငန်းများ ပေါ်ထွက် လာပါသည်။ ထိုပေါ်ထွက်လာသော လုပ်ငန်းများအတွက် တက်ရောက်လာသူ ရွာသူ / ရွာသားအုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်ကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်ကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များကိုဖြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြား အဖွဲ့အစည်းများထဲမှ အကူအညီ အထောက်အပံ့များ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

(ဂ) အကောင်အထည် ဖော်မည့် အချိန်ကာလ

လူထုကိုယ်တိုင် ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေး စီမံကိန်းကာလကို ကွင်းဆင်း ဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းကာလကို နှစ်အလိုက် ရေးဆွဲပါမည်။ ကျွန်ုပ်တို့ ရေးဆွဲသည့် စီမံကိန်းများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

စီမံကိန်းများ

(၁) ကျေးရွာ အလယ်တန်းကျောင်းအား အုတ်တံတိုင်း ကာခြင်း စီမံကိန်း

(၂) မြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် မြေထိန်းနံရံ ရေကာတာ တည်ဆောက်ခြင်း စီမံကိန်း

(၃) ကျေးရွာတွင်း ကျောက်ခင်းလမ်း ဖောက်ရန် စီမံကိန်း

(၄) ရေသန့်စက် တပ်ဆင်ပြီး ကျေးရွာ လူထုအား ကျန်းမာရေး နှင့် ညီညွတ်သော ရေသန့် ဖြန့်ဝေရန် စီမံကိန်း

(၅) စာပေ ဖတ်ရှုခြင်း အလေ့အထ ထွန်းကား၍ အသိပညာ ဗဟုသုတ တိုးတက်စေရန် စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း စီမံကိန်း

(မှတ်ချက်) ။ ။ ခေတ်စနစ်၏ တောင်းဆိုမှုကြောင့်ငင်း ၊ သဘာဝ ဘေးအန္တရာယ်များကြောင့်ငင်း ၊ ချမှတ်ထားသော စီမံကိန်းများအား အခါအား လျော်စွာ ပြောင်းလဲနိုင်ပါသည်။

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင် အစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းဝင် ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းဆီအလိုက် ဖော်ပြထားပါသည်။ ၎င်းတို့တွင် စီမံချက်၏ ရည်ရွယ်ချက် ၊ အကျိုးခံစားခွင့်ဦးရေ ၊ အကောင်အထည်ဖော် ဆောင်ရွက် မည့်ကာလ ၊ အခြေခံအဆောက်အဦးတို့ကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေကြေး အစီအစဉ်များပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားသော အဖွဲ့အစည်းများထံမှ အသေးစိတ် အထောက်အပံ့များကို ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်အကောင်အထည်ဖော်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်ငွေကြေး ရနိုင်မှုကို အခြေခံပြီး နှစ်စဉ်ဖြစ်ပေါ်နေတတ်သော ဒေသတွင်း ဖွံ့ဖြိုးရေး ပြောင်းလဲမှု ၊ သဘာဝဘေးအန္တရာယ် ၊ အခြားအရေးပေါ်ကိစ္စရပ်များ နှင့် ရနိုင်မည့် ဘတ်ဂျက်အပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များ ပြောင်းလဲနိုင် ပါသည်။ ကျေးရွာလူထုကိုယ်တိုင် ချမှတ်ထားသော (၅) နှစ်တာကာလ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် မူဘောင်အတွင်း တစ်နှစ်ချင်းစီအလိုက် လုပ်ငန်းအတွေ့အကြုံ အားသာချက် အားနည်းချက်တို့ကို သုံးသပ်ပြီး လုပ်ငန်းလမ်းညွှန် အစီအစဉ်များ ချမှတ် ဆောင်ရွက်ကြပါမည်။ ကျွန်ုပ်တို့ကျေးရွာ ၏ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက်စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ကြမည် ဖြစ်ပြီး ဌာနဆိုင်ရာများမှလည်း လမ်းညွှန်ထောက်ပံ့ ကူညီကြမည်ဟုလည်း မျှော်လင့် မိပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

စုန်းကျင်းကျေးရွာ

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၄	၈	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၁	၂၃	၄၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်း ကျောင်းသားအရွယ်	၂၈	၁၅	၄၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်း ကျောင်းသားအရွယ်	၂၁	၂၆	၄၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၈	၁၉၁	၃၆၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၇	၂၈
စုစုပေါင်း		**၂၆၃**	**၂၈၀**	**၅၄၃**
စုစုပေါင်း အိမ်ထောင်စု		**၁၂၁**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လူဦးရေပေါင်း ၅၄၃ ဦးတွင် အလုပ်လုပ်နိုင်သည့်သူ ၃၆၉ ဦး ရှိပြီး မှီခိုသူ < 0 နှစ်မှ ၁၄ နှစ် ၁၄၆ နှင့် ၆၅ နှစ်အထက် ၂၈ ၊ စုစုပေါင်း ၁၇၄ ဦးရှိကြောင်း နှင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၄.၄၃) ရှိပြီး အလုပ်လုပ်နိုင်သူ ၃ ဦးမျှ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄			မြင့် □ လတ် Â နိမ့် □
	အလုပ်သမား / ဝန်ထမ်း	လသ			မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား	အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
	ကိုယ်ပိုင် လုပ်ငန်း	၃	၁		မြင့်□ လတ်□ နိမ့် Â
	အလုပ်သမား / ဝန်ထမ်း	လသ			မြင့်□ လတ်□ နိမ့် Â
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄			မြင့် □ လတ်□ နိမ့် Â
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် Â
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်				မြင့် □ လတ်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား	အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
	လုပ်ငန်း				နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄			မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား	အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃			မြင့် **Â** လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၉			မြင့် ☐ လတ်**Â** နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
					နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား	အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄			မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း	၁၁			မြင့် ☐ လတ်☐ နိမ့် **Â**
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား		၂၁၆		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	မိသားစုဝင် လုပ်အား	အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
	စုစုပေါင်း	၁၅၇	၂၄၄		☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးတွင် (၁၄) ဦး ၊ ငါးလုပ်ငန်းတွင် (၁၄) ဦးရှိသော်လည်း မွေးမြူရေးတွင် (၃) ဦးသာရှိသဖြင့် အားနည်းကြောင်း လေ့လာသိရှိရ ပါသည်။ အဌားလိုက်နှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်း လုပ်ကိုင်သူ (၂၁၆) ဦး တွေ့ရှိရသဖြင့် လုပ်သားအင်အားများပြားစွာ ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်မည့် စီးပွားရေးလုပ်ငန်း အလတ်စားများ တည်ဆောက်ရန် သင့်လျော်သည်ဟု လေ့လာမိပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၆၀၀၀	၄၀၀၀	၆၀၀၀	၄၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၅၀၀	၇၀၀၀	၄၅၀၀
၇	ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂)နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တစ်အိမ်ထောင်လျှင် အလုပ်လုပ်နိုင်သူ (၃) ဦးမျှ ရှိသဖြင့် အမျိုးသား (၃) ဦး အတွက် ၁၈၀၀၀ / အမျိုးသမီး ၃ ဦးအတွက် ၁၂၀၀၀ ရရှိမည် ဖြစ်ပါသည်။ ပျမ်းမျှလူဦးရေ ၄.၄၃ ဦးအတွက် တစ်ဦးလျှင် ၄၀၀၀ ခန့်သာ ခံစားနိုင်မည်ဖြစ်ပြီး မလုံလောက်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့သော် အငှားလိုက်သူ ၂၁၆ ဦးမှ ပျမ်းမျှ တစ်နှစ်ဝင်ငွေ (၁၀) သိန်းခန့်ရှိနေကြောင်းကိုလည်းလေ့လာရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇ ဧက	ကောင်း ☐	သင့် Â	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၃.၅ ဧက	ကောင်း ☐	သင့် Â	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၉.၇၅ ဧက	ကောင်း ☐	သင့် Â	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁	ကောင်း ☐	သင့် Â	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၀.၈၀ ဧက	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ် သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လူဦးရေနှင့်စာလျှင် လယ်ယာမြေ ပိုင်ဆိုင်မှု အင်မတန် နည်းပါးကြောင်း ဆင်းရဲ ချမ်းသာ ကွာဟချက်တွင် အလယ်အလတ် အဆင့်မျှရှိကြောင်း တွေ့ရှိနိုင်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံ	များ ☐ သင့် Â နည်း ☐ မရှိ ☐	လွယ် Â ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)		
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ □ သင့် Â နည်း □ မရှိ □	လွယ် Â ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ □	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဓာတ်သတ္တုနှင့် သဘာဝ အရင်းအမြစ်များတွင် ရွာ အရှေ့ဘက်တွင် ချင်းတွင်းမြစ် ရှိခြင်းကြောင့် ရေ နှင့် သဲ ၊ ကျောက်စရစ် အရင်းမြစ်များ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုအရင်း အမြစ်များကို ကျေးရွာအတွက် အကျိုးရှိမည့် အရင်းအမြစ်များ အဖြစ် မည်သို့ အသွင်ပြောင်းရယူနိုင်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါ သည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇ ဧက	၂ ဧက	မရှိ	မရှိ
အိမ်အခြေအနေ	နံကပ် ၂ ထပ်	နံကပ် ၁ ထပ်	သွပ်မိုးပျဉ်ထောင်	ထန်းလက်မိုး

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ရေစုတ်စက်ဆိုင်ကယ်ဟွန်ဒါစက်လှေ	ဆိုင်ကယ်ဟွန်ဒါစက်လှေ	ဆိုင်ကယ်ဟွန်ဒါစက်လှေ	ဆိုင်ကယ်ဟွန်ဒါစက်လှေ
အဓိကစီးပွားရေးလုပ်ငန်း	ရေချိုငါးဖမ်း	ဈေးရောင်း	အလုပ်သမား	ကျပန်း
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓန အခြေအနေတွင် အလယ်အလတ် အဆင့်ရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင် စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှ ကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၄၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၄၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂		အခြားအစာပြောင်းလဲစား = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
လအထိ ဝမ်းစာဖူလုံမှု		အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း စီအား စစ်တမ်းကောက်ယူခြင်း

လေ့လာတွေ့ရှိချက်။ ။ (၆) လ မှ (၁၂) လ အထိ ဝမ်းစာဖူလုံသူတို့သည် အစာပြောင်းလဲစားခြင်း ၊ လျှော့စားခြင်း ၊ အထောက်အပံ့ယူခြင်း ၊ချေးယူခြင်း ၊ လုပ်အားခကြိုယူခြင်း မရှိကြောင်း လေ့လာသိရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲ၍ လူဦးရေများသည့် အမျိုးသမီး ဦးဆောင်သော မိသားစု (၄) စု နှင့် မိသားစုဝင် စောင့်ရှောက်မှုမရှိသော ၆၄ နှစ် အထက် အမျိုးသမီး တစ်ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် **Â**	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် **Â**	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် **Â**	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် **Â**	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ **Â**
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်**Â**	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် **Â**	နိမ့်☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ **Â**
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ **Â**
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်**Â**	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် **Â**	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်**Â**	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်**Â**	မရှိ ☐
၁၄	ကိုယ်ခံအား ကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်**Â**	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ **Â**
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်**Â**	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ **Â**
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ **Â**

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝအရင်းအမြစ် မြေ နှင့် ရေ ပေါများကြောင်း သဘာဝ ဘေးအန္တရာယ် ရေကြီးခြင်း ၊ မိုးခေါင်ခြင်းတို့ တွေ့ရှိရပြီး ငှက်ဖျား ၊ တီဘီ ၊ ခုခံအားကျ ရောဂါ ၊ တိရစ္ဆာန် ကူးစက်ရောဂါတို့ မရှိသလောက် နည်းပါးကြောင်း လေ့လာတွေ့ရှိရ ပါသည်။ စားနပ်ရိက္ခာ မဖူလုံမှုမှာ လုံးဝ မဖူလုံမှု မဟုတ်ဘဲ အလယ်အလတ် အဆင့်သာ ရှိကြောင်း နှင့် အခြားထိခိုက်လွယ်မှုတို့ မရှိကြောင်း လေ့လာရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် Â	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့် Â	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှု ခံရသည့် သူများကို လေ့လာရာတွင် သဘာဝ

ဘေးဒဏ်သင့်ဒေသ ၊ ကူးစက်ရောဂါသင့်ဒေသ ၊ မိသားစုများ ပင်လယ် မြစ်ဘေး နေသူများ ၊ မြေနိမ့်နေသူများ ၊ လက်လုပ်လက်စားများသည် ထိခိုက်မှု သက်ရောက်ခြင်း မြင်နေကြကြောင်း လေ့လာရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာလူငယ်အဖွဲ့	၁□ ၂ Â ၃□				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် Â ညံ့ □
၂	ကျေးရွာချက်ပြုတ်ရေးအိုးသူကြီးအဖွဲ့	၁□ ၂ Â ၃□				ပညာရေး Â ဌေးကြေး□ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၃	ကျေးရွာ	၁□				ပညာရေး □	ကောင်း □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	အမျိုးသမီးအဖွဲ့	J Â ၃□				ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	သင့် □ ညံ့ □
၄		၁□ J Â ၃□				ပညာရေး □ ငွေကြေး ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေ ၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁□ J Â ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁□ J Â ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊	ကောင်း □ သင့် □ ညံ့ □

စဉ်	အဖွဲ့ အစည်း အမည်	အမျိုး အစား (မှန်ရာတစ် ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂ Â ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများကို လေ့လာရာတွင် ပညာရေး ၊ ကျန်းမာရေး ၊ ဘာသာရေး ၊ စိုက်ပျိုးရေး ၊ သာရေး ၊ နာရေး ၊ လူမှုဖွံ့ဖြိုးရေး ၊ လုံခြုံရေး နှင့် ကာကွယ်ရေးတို့တွင် ကျေးရွာတွင်း ရပ်မိ ရပ်ဖ များနှင့် လူငယ် အမျိုးသမီး အမျိုးသားတို့ ဖွဲ့စည်းပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဓမ္မစကူးလ်	၁ Â ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး Â ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	PACT GRET	၁□ ၂ Â ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး Â ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅ Â ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊

နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ဇယား ၁၂ ၊ ကျေးရွာ ဖွံ့ဖြိုးရေး ပြင်ပအဖွဲ့ အစည်းများကို လေ့လာရာတွင် ဘာသာရေး နှင့် ပက်သက်၍ ခမ္မစကူးလ် ဖောင်ဒေးရှင်း ၊ ငွေကြေး နှင့် ပတ်သက်၍ GRET , Pact Myanmar

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂	ဆင်းရဲသားတောင်သူ
